
ဘာသာပြန်စာရေးဆရာ - Khin
နှစ်တစ်သိန်း ချိုခွပ်းအားရှင်
(စာစဉ်-၁)
(Chapter 1 - 15)

# နှစ်တစ်သိန်း ချီစွမ်းအားရှင်

ဘာသာပြန်သူ-Khin

Book 1 Chapter 1 to 15

Title...နှစ်တစ်သိန်း ချီစွမ်းအားရှင်

Author...Shao Zi

Status....2083(completed)

## အကျဉ်းချုပ်

လွန်ခဲ့သောနှစ်ပေါင်းတစ်သိန်းခန့်တွင် ရှီယန်သည် တိမ်မြူခိုးဂိုဏ်း၏တည်ထောင်သူတပည့်တစ်ယောက်ဖြစ်သည်။

ထိုနှစ်များအတွင်းတွင် ရှီယန်၏ဆရာသခင်နှင့်သူ၏ခွေးအိုကြီးသည် အောင်မြင်စွာကျင့်ကြံနိုင်ပြီးနောက် ကောင်းကင်ဘုံနယ်မြေသို့တက်လှမ်းသွားကြ၏။တိမ်မြူခိုးဂိုဏ်း၏၉၈၇၂မျိုးဆက်မြောက် တပည့်တစ်ယောက်အောင်မြင်စွာတက်လှမ်းသွားချိန်မှာပင် ရှီယန်သည် ကျင့်ကြံနေဆဲပင်။

နှစ်တစ်သောင်းကြာတံခါးပိတ်ကျင့်ကြံပြီးနောက် ရှီယန်သည် မည်သည့်သက်ရှိမှ မရောက်ရှိနိုင်သော ချီသန့်စင်ခြင်းနယ်ပယ် ၉၉၉၉ဆင့်မြောက်ကို ချိုးဖျက်ဝင်ရောက်နိုင်ခဲ့ခြင်းကို မည်သူမျှမသိနိုင်ချေ။

## Chapter 1

### နှစ်တစ်သိန်း ချီစွမ်းအားရှင်

တိမ်မြူခိုးဂိုဏ်း၏အနောက်ဘက်တောင်၌...

ရုတ်တရက် ဖုန်မှုန့်များပျံ့လွင့်သွားခြင်းနှင့်အတူ မထင်မရှားနေရာတစ်ခု၌ ကျောက်တုံးတံခါးတစ်ချပ် ထွက်ပေါ်လာသည်။ထိုကျောက်တုံးတံခါးသည် တုန်ခါသွားပြီးနောက် တဖြည်းဖြည်းပွင့်လာလေ၏။

တံခါးအတွင်းမှနေ၍ အဖိုးအိုတစ်ယောက် ထွက်လာသည်။

ပထမခြေလှမ်းတွင် သူ၏ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းတက်ကြွမှုများနှင့်ပြည့်နှက်သွားကာ မည်သည့်အိုမင်းမှုအရိပ်အယောင်မျှ မရှိတော့ချေ။

ဒုတိယခြေလှမ်းတွင် သူ လူလတ်ပိုင်းအရွယ်သို့ ရောက်ရှိသွားလေပြီ။

တတိယခြေလှမ်း ကျရောက်သွားချိန်တွင် သူသည် အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်ဖြစ်သွားလေ၏။

"ဟူး...နှစ်တစ်သောင်းထပ်ပြီး ကုန်ဆုံးသွားပြန်ပြီ...ငါ အခုထိအခြေတည်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်မှုမရှိပါလား"

သူ၏နာမည်သည် ရှီယန်ဖြစ်ပြီး သူ ကျင့်ကြံခဲ့သည်မှာ နှစ်ပေါင်းတစ်သိန်းကြာမြင့်နေလေပြီ။

လွန်ခဲ့သောနှစ်ပေါင်းတစ်သိန်းခန့်တွင် သူသည် တိမ်မြူခိုးဂိုဏ်း၏တပည့်တစ်ယောက်ဖြစ်ကာ သူ၏ဆရာသခင် တက်လှမ်းသွားချိန်တွင် သူက ချီသန့်စင်နေခဲ့သည်။

လွန်ခဲ့သောနှစ်ကိုးသောင်းခန့်က သူ၏တူဖြစ်သူ တက်လှမ်းသွားစဉ်တွင် သူ ချီသန့်စင်နေလေ၏။

လွန်ခဲ့သောနှစ်ငါးသောင်းခန့်က တိမ်မြူခိုးဂိုဏ်း၏တံခါးကိုစောင့်ကြပ်သော ခွေးအိုကြီး တက်လှမ်းသွားစဉ်တွင်လည်း သူ ချီသန့်စင်နေဆဲပင်။

လွန်ခဲ့သောနှစ်သုံးသောင်းခန့်က တိမ်မြူခိုးတောင်ခြေရှိ အပင်အိုကြီးနတ်ဆိုးဖြစ်သွားခဲ့သည့်တိုင် သူ ချီသန့်စင်နေလေ၏။

လွန်ခဲ့သောနှစ်တစ်သောင်းခန့်က တိမ်မြူခိုးဂိုဏ်း၏၉၈၇၂မျိုးဆက်မှ တပည့်တစ်ယောက်ဖြစ်သော ကျန်းဝူကို တက်လှမ်းသွားစဥ်တွင်လည်း ရှီယန်က ချီသန့်စင်နေဆဲပင်။

သူသည် နှစ်ပေါင်းတစ်သောင်းကြာ တံခါးပိတ်ကျင့်ကြံနေခဲ့သော်လည်း အဆုံးသတ်၌ သူ အောင်မြင်ခြင်းမရှိချေ။

သူသည် ဘဝတလျှောက်လုံး၌ တခြားသူများတွေ့မြင်ဖူးသည်ထက် ပို၍များပြားသော အခြေတည်ဆေးလုံးများကို သောက်သုံးခဲ့သည်။

ဆရာသခင်သည် သူ့အား လက်ခံစဥ်တွင် သူ့အား ချွင်းချက်မရှိ ပါရမီရှင်တစ်ယောက်ဟု ပြောဆိုခဲ့သော်လည်း မည်သည့်အချိန်၌ သူ တက်လှမ်းနိုင်မည်ကို တစ်ကြိမ်တစ်ခါမျှ ပြောဆိုခဲ့ခြင်းမရှိချေ။

ရှီယန်၏အားသာချက်မှာ သူသည် ဘယ်သောအခါမှ အိုမင်းသွားမှုမရှိခြင်းပင်။ထို့ကြောင့် သူသည် ချီသန့်စင်ခြင်းနယ်ပယ်ကို အဆက်မပြတ် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

ချီသန့်စင်ခြင်းနယ်ပယ် နဝမအဆင့်သို့ရောက်ရှိသွားသူ အများစုသည် ဒသမအဆင့်မဟာစက်ဝိုင်းသို့ရောက်ရှိသည်နှင့် အခြေတည်အဆင့်သို့ တိုက်ရိုက်ချိုးဖျက်ဝင်ရောက်နိုင်ကြ၏။ထို့နောက် သူတို့၏ဝမ်းဗိုက်အတွင်း၌ ရွှေအမြုတေကိုဖွဲ့စည်းကာ အခြေတည်စိတ်ဝိညာဥ်ကိုဖွင့်၍ ကောင်းကင်လမ်းကိုလှည့်ပတ်ရပေမည်။ထိုကျင့်ကြံသူ၏အခြေတည်စိတ်ဝိညာဥ်သည် တာအိုနှင့်ဆက်သွယ်ပြီးနောက် ကောင်းကင်ဘုံကပ်ဘေးမိုးကြိုးကိုခံယူပြီးသည်နှင့် ထိုသူသည် တက်လှမ်းနိုင်ပေလိမ့်မည်။

ရှီယန်သည် ယခုချိန်၌ ချီသန့်စင်ခြင်းနယ်ပယ်၏၉၉၉၉မြောက်အဆင့်သို့ ရောက်ရှိနေလေပြီ။

"နှစ်တစ်သောင်းကြာကုန်ဆုံးသွားတဲ့ချိန်မှာ တိမ်မြူခိုးဂိုဏ်းက တော်တော်နိမ့်ကျသွားတာပါလား"

ရှီယန်က သက်ပြင်းရှူက်လိုက်၏။အတိတ်တွင် တိမ်မြူခိုးဂိုဏ်းသည် တာအိုနယ်မြေပေါင်းသုံးထောင်အကြား၌ နံပါတ်တစ်အင်အားစုကြီးဖြစ်သည်။ သို့ရာတွင် ယခုလက်ရှိအချိန်၌ ခြောက်ကပ်နေသောတောင်တန်းကြီးမှကြည့်လိုက်စဥ်တွင် အဝေးမှခန်းမများ၏အပျက်အစီးများကို တွေ့မြင်ရပေမည်။ပင်မခန်းမတစ်ခုသာလျှင် ယခင်အတိုင်းကျန်ရှိပြီး ထိုအချိန်တုန်းကမည်ကဲ့သို့ပုံသဏ္ဍာန်မျိုးရှိခဲ့သည်ကို ဝိုးတဝါးတွေ့မြင်နိုင်ပေ၏။

အမ်...

ရှီယန်က ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ကာ သူ၏မျက်လုံးအတွင်း၌ ရက်စက်ကြမ်းကြုတ်သောအရိပ်အယောင်များ ထင်ဟပ်လာသည်။

တိမ်မြူခိုးဂိုဏ်း နိမ့်ပါးသွားလေပြီ။ခေတ်ကာလပြောင်းလဲလာမှုနှင့်အတူ ဂိုဏ်းအတွင်းရှိ စိတ်ဝိညာဥ်စွမ်းအင်များလည်း ရွှေ့ပြောင်းခံလိုက်ရ၏။ တစ်ချိန်က ကောင်းချီးပေးခံရသောသုခဘုံနယ်မြေတစ်ခုသည် ယခုချိန်၌ သာမာန်နေရာတစ်ခုအဖြစ်သို့ ရောက်ရှိသွားသည်။

ဂိုဏ်း၏အတိတ်မှမျိုးဆက်အစဥ်အဆက်အားလုံး ဥာဏ်ပညာကြီးမြင့်ရန်ဟူသည်မှာ မဖြစ်နိုင်လေရာ ဂိုဏ်း၏ဆုတ်ယုတ်လာမှုကို သူ လက်သင့်ခံနိုင်သည်။

သို့ရာတွင် တိမ်မြူခိုးဂိုဏ်း၏စည်းမျဥ်းများကို ဖျက်ဆီးလိုသော လူတစ်စု ရှိနေသေးသလော....

သူ...ရှီယန် ထိုကိစ္စကို လုံးဝသဘောမတူနိုင်ချေ။

...

ဘုန်း…

တိမ်မြူခိုးဂိုဏ်းမှတပည့်တစ်ယောက်သည် ပြင်ပမှနေ၍ အတွင်းသို့လွင့်စင်လာကာ မြေပြင်ပေါ်သို့လဲကျ၍ သူ၏ပါးစပ်မှ သွေးများအန်ထွက်လာသည်။

"လင်းချင်ရှု…ငါ မင်းကိုပြောထားတာ အချိန်အတော်ကြာနေပြီ…မင်းက ငါနဲ့လက်ထပ်ပြီး မင်းရဲ့တိမ်မြူခိုးဂိုဏ်းချုပ်ဆိုတဲ့နေရာကနေ ဖယ်ပေးရမယ်…ငါက တိမ်မြူခိုးဂိုဏ်း ပျက်စီးမသွားဖို့ အာမခံတယ်…ငါက တိမ်မြူခိုးဂိုဏ်းရဲ့ဂိုဏ်းချုပ်ဖြစ်လာရင် မင်းလည်း ဂိုဏ်းချုပ်ကတော်ဖြစ်မှာပဲ"

"ဒီသခင်လေးက မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်…မဟုတ်ရင်ကတော့ မင်းရဲ့ခေါင်းမာမှုကို ငါ အမြစ်ပြတ်ဖယ်ရှားပေးရလိမ့်မယ်…အဲ့ဒီအချိန်ကျမှ ငါ့ကိုရက်စက်တယ်လို့ အပြစ်မတင်နဲ့"

လူတစ်ယောက်သည် စိတ်အေးလက်အေး လမ်းလျှောက်နေခဲ့သည်။ သူ၏ နောက်တွင် ကြောက်မက်ဖွယ်ကောင်းသော အော်ရာများဖြင့် အစွမ်းထက်ကျင့်ကြံသူပေါင်းများစွာ မတ်တတ်ရပ်နေလေ၏။

တိမ်တောင်ဂိုဏ်းသည် အမြူတေအဆင့်ကျင့်ကြံသူအမြောက်အများရှိသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။

သူတို့သည် တိမ်မြူခိုးဂိုဏ်းကို လိုချင်တပ်မက်နေသည်မှာ နှစ်ရှည်လများကြာမြင့်နေလေပြီ။ ယခင် တိမ်မြူခိုးဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင်သည် ထက်မြက်သည့် အမြူတေအဆင့်ကျင့်ကြံသူ ဖြစ်သောကြောင့် သူ အသက်ရှင်နေစဥ်အချိန်တွင် သူတို့သည် ကမူးရှူးထိုး မလှုပ်ရှားရဲကြပေ။

သို့သော် ယခင်ဂိုဏ်းခေါင်းဆောင်သည် ကျင့်ကြံနေရင်း ရုတ်တရက်ကွယ်လွန်သွားခဲ့ကတည်းက တိမ်တောင်ဂိုဏ်းသည် စတင်၍ လှုပ်ရှားလာ

ခဲ့သည်။

ယနေ့တွင် တိမ်မြူခိုးဂိုဏ်း၏ဂုဏ်သိက္ခာ လုံးလုံးလျားလျား ပျက်စီးသွားခဲ့သည်။

မဟာခန်းမအတွင်း၌ တိမ်မြူခိုးဂိုဏ်း၏ ပင်မတပည့် ဆယ်နှင့်ချီ၍ မတ်တတ်ရပ်နေခဲ့သည်။ထိုတပည့်များ၏အထက်ရှိထိုင်ခုံပေါ်၌ လှပသော အသားအရေ စူးရှသော မျက်လုံးများနှင့် စိတ်ပျက်အားငယ်နေသော မျက်နှာအသွင်အပြင်နှင့် လက်ရှိဂိုဏ်းခေါင်းဆောင် "လင်းချင်ရှု" ရှိနေသည်။

တိမ်မြူခိုးဂိုဏ်းတွင် အင်အားအကြီးဆုံးမှာ သူမကိုယ်တိုင်ပင်ဖြစ်သော်လည်း သူမသည် အခြေတည်အဆင့်၏ အလယ်အလတ်အဆင့်တွင်သာရှိနေသည်။ဤနေရာတွင် အစောပိုင်း အခြေတည်အဆင့်ကျင့်ကြံသူ အခြားအကြီးအကဲနှစ်ဦးလည်း ရှိနေလေ၏။

တိမ်တောင်ဂိုဏ်းဘက်တွင် အမြူတေအဆင့်အစွမ်းထက်ကျင့်ကြံသူများနှင့် အခြေတည်အဆင့် ကျင့်ကြံသူ အနည်းငယ် ရှိခဲ့သည်။

သူတို့အနက်မှ အင်အားအနည်းဆုံးသူပင်လျှင် လင်းချင်းရှုနှင့် ကျင့်ကြံဆင့်တူညီနေသည်။

"ငါ့ရဲ့ တိမ်မြူခိုးဂိုဏ်းက ငါ အသက်ရှင်သရွေ့ ဒူးထောက်အရှုံးပေးမှာမဟုတ်ဘူး...ငါက အညံ့ခံမယ့်အစား အသေပဲခံမယ်...လျူယူချင်း...နင့်ရဲ့ ခွန်အား ကုန်သုံးပြီး ငါ့ကိုတိုက်ခိုက်စမ်း...နင်က ငါ့ကို နင့်ရဲ့မိန်းမဖြစ်စေချင်တာလား...အိပ်မက် မက်နေလိုက်" လင်းချင်ရှု ၏ မျက်လုံးများ အခိုင်အမာ ဆုံးဖြတ်ထားပုံရသည်။သူမသည် နောက်ပြန်ဆုတ်ရန် ရည်ရွယ်ချက်မရှိဘဲ သူမ၏ ထိုင်ခုံကနေ မတ်တပ်ထရပ်လိုက်၏။

တိမ်မြူခိုးဂိုဏ်းမှ အလယ်အလတ် အခြေတည်အဆင့် ကျင့်ကြံသူအားလုံးသည်လည်း ဒေါသတကြီးဖြင့် သူတို့၏ ဓားများကို ဆွဲထုတ်လိုက်ကြသည်။

လျူယူချင်းသည် သူ၏ နှုတ်ခမ်းများကိုပွတ်သပ်ကာ လင်းချင်ရှုအား တပ်မက်မက်မောစွာ ကြည့်လိုက်သည်။။ ထို့နောက် သူက အော်ဟစ်ရယ်မောပြီး ပြောဆိုသည်။

"လင်းချင်ရှုကို ငါ အသက်ရှင်ရက်လိုချင်တယ်"

မျက်တောင်တခတ်စာအချိန်အတွင်းမှာပင် လူနှစ်ယောက်သည် တုန်လှုပ်ချောက်ချားဖွယ်အော်ရာနှင့်အတူ သူ၏နောက်မှ ပြေးထွက်လာခဲ့သည်။ထိုလူနှစ်ယောက်သည် အခြေတည်ထိပ်တန်းအဆင့် ကျင့်ကြံသူများ ဖြစ်ကြ၏။

သူတို့သုံးယောက်သား စတင် တိုက်ခိုက်ခဲ့ကြသည်။

လင်းချင်ရှုသည် သူတို့ထက် နိမ့်ကျသော ကျင့်ကြံဆင့်နယ်ပယ်တစ်ခုတွင်ရှိနေခဲ့သဖြင့် သူတို့ထဲက တစ်ယောက်ကို ကိုင်တွယ်ဖြေရှင်းရန်ပင် သူမအတွက် ခဲယဉ်းနေခဲ့သည်။

အရှေ့သို့တက်လာသော လူနှစ်ယောက်သည် တိုက်ပွဲကို အမြန်အဆုံးသတ်ရန် ကြိုးစားနေကြကာ သူတို့ထံ၌ နောက်ပြန်ဆုတ်ရန် ရည်ရွယ်ချက် မရှိချေ။

ဂိုဏ်းခေါင်းဆောင်ငယ်သည် သူမကို အသက်ရှင်လျက် လိုချင်နေပေ၏။

တိမ်မြူခိုးဂိုဏ်းဘက်မှ လူသုံးယောက်လုံး မြေပြင်ပေါ်သို့ လဲကျသွားကာ လင်းချင်ရှု၏ပါးစပ်အတွင်းမှ သွေးများ အန်ထွက်လာသည်။ သူမ၏လက်အတွင်းမှဓားများ ကြေမွပျက်စီးသွားခြင်းနှင့်အတူ သူမ၏ မျက်လုံးများအတွင်း၌ တုန္နိုင်းမရသော ဝမ်းနည်းခြင်း နှင့် ဒေါသထွက်ခြင်းတို့ဖြင့် ပြည့်

နက်နေသည်။

အားနည်းခြင်း...စိတ်ပျက်အားငယ်ခြင်း....

သူမထံ၌ ပြန်လည်တုံ့ပြန်နိုင်သည့် အခွင့်အရေးမရှိတော့ချေ။

ရုတ်တရက်ဆိုသလို သူမ၏ မျက်လုံးများတွင် ပြတ်သားသော အကြည့် တစ်ချက် ဖြတ်ပြေးသွားလေ၏။

အကယ်၍ သူမ သေဆုံးရလျှင်ပင် သေချာသည်မှာ လျူယူချင်း၏လက် အတွင်းသို့ ကျရောက်မခံနိုင်ချေ။

လင်းချင်ရှုသည် ဓားကို အလျားလိုက်ကိုင်ဆောင်ကာ သူမ၏ လည်ပင်း ကို သူမကိုယ်တိုင် ပြန်လည်ပိုင်းဖြတ်လိုက်သည်။

"ဘာလို့လဲ...ဟူး..."

လင်းချင်ရှုဘေးမှ သက်ပြင်းချသံတစ်သံသည် ပဲ့တင်ထပ်ကာ ထွက် ပေါ်လာခဲ့၏။

သူမ၏လည်ပင်းရှေ့ရှိ သူမ၏ လက်ထဲမှ ဓားသည် မလှုပ်ရှားနိုင်တော့ ပေ။

လင်းချင်ရှုက တုန်လှုပ်သွားခဲ့သည်။

ဒါက ဘယ်သူလဲ...

သူမသည် ခေါင်းကို မော့ကြည့်လိုက်ရာ သူမ၏ရှေ့တွင် လူငယ်တစ် ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ထိုလူငယ်၏ မျက်လုံးအတွင်း၌ အဆုံးမရှိသည့် အသက်စွမ်းအားများနှင့် ပြည့်နေခဲ့သည်။

သူသည် လက်နှစ်ချောင်းဖြင့် သူမ၏ဓားကို ဆုပ်ကိုင်ထားခဲ့သည်။

သူမရှေ့တွင်ရပ်နေသည့် လူငယ်မှာ ရှီယန် ဖြစ်သည်။

"ပြောကြစမ်း....မင်းတို့အားလုံး ဘယ်လိုသေချင်လဲ"

ရှီယန်သည် လင်းချင်ရှုကို လွှတ်လိုက်ပြီးနောက် ခန်းမရှေ့သို့ ဖြည်းညှင်းစွာ လမ်းလျှောက်သွားခဲ့သည်။

လျူယူချင်းသည် ရှီယန်ကို စိုက်ကြည့်ပြီး ရုတ်တရက် ပြုံးကာ ပြောဆိုလိုက်သည်။

"သေဖို့ရောက်လာတဲ့ နောက်တစ်ယောက်က ကျွမ်းကျင်သူတစ်ယောက်လို့ ထင်ခဲ့ပေမယ့် တိမ်မြူခိုးဂိုဏ်းရဲ့ကျင့်ကြံသူတစ်ယောက် ဖြစ်နေတာပဲ ....ချီသန့်စင်ခြင်းအဆင့်တစ်ယောက်က ရှေ့ကို မဆင်မခြင် ထွက်လာရဲမယ်လို့ ငါ မထင်ခဲ့ဖူး"

ရှီယန်က ခေါင်းညိတ်ကာ ပြောဆိုလိုက်၏။

"မင်း ဘာမှ မပြောနဲ့အုံး.... ငါ မင်းရဲ့လူတွေကို အရင်ဖြေရှင်းလိုက်အုံးမယ်"

ရှီယန်သည် ဦးတည်ချက်ပြောင်းသွားခဲ့ပြီး သူ၏ ပစ်မှတ်သည် လင်းချင်ရှုကို တိုက်ခိုက်ခဲ့သည့် လူနှစ်ဦး ဖြစ်သည်။

"သေချာတာပေါ့....သေခြင်းတရားကို ရှာနေတဲ့လူကို ဘယ်သူမှ တားလို့မရနိုင်ဘူး"

"မင်း ဘာမှ မလုပ်နဲ့...ငါ သူ့ကို လက်တစ်ချောင်းတည်းနဲ့ နှိမ်နင်းလိုက်မယ်"

ထိုလူနှစ်ယောက်သည် လှောင်ရီလိုက်ပြီး သူတို့ထဲမှ တစ်ယောက်သည် သူ၏ လက်သီးဖြင့် ရှေ့ကို ထိုးလိုက်သည်။

သူသည် ထိုလူငယ်ကို လက်သီးတစ်ချက်ဖြင့် အစိတ်စိတ်အမွှာမွှာ ချေမှုန်းရပေမည်။ထိုလူငယ် မသေဆုံးမီ ချီသန့်စင်ခြင်းအဆင့်နှင့်

အခြေခံတည်အဆင့်ကြားမှကွာဟချက်မှာ မည်သူမည်ဝါမျှ ပြင်ဆင်၍ မရသည့်အရာ ဖြစ်ကြောင်းကို ထိုလူငယ်သိအောင် ပြသရပေလိမ့်မည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် သူသည် ရှီယန်၏ရှေ့သို့ ရောက်လာခဲ့သည်။

လင်းချင်ရှုသည် ထိတ်လန့်တကြား အော်နေရုံမှတစ်ပါး မကူညီနိုင်ခဲ့ပေ ။ လူငယ်သည် ကယ်တင်ရှင်တစ်ယောက်ဟု သူမ တွေးထင်ခဲ့သည်။

သူသည် သူ၏အသက်ကို ယခုကဲ့သို့စွန့်ပစ်ရန် ဤနေရာသို့ ရောက်ရှိလာခဲ့သလော...

သူမ၏လက်ထက်တွင် ဂိုဏ်းတစ်ဂိုဏ်းလုံး ပျောက်ကွယ်သွားတော့မည်လော....

သို့သော် ရှီယန်သည် တည်ငြိမ်အေးဆေးနေဆဲဖြစ်ကာ အာရုံပျံ့လွင့်မှုမရှိပေ။ သူသည် သူ၏ လက်ကို ပြီးစလွယ် မြှောက်လိုက်ပြီး ထိုလူကို ပါးရိုက်လိုက်သည်။

ထိုလူ၏ မျက်နှာထားသည် ပြောင်းလဲသွားခဲ့ပြီး သည်းမခံနိုင်သော စွမ်းအားတစ်ခုက သူ၏ လက်မောင်းဆီသို့ တိုးဝင်လာသည်။

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ သူ၏ပါးစပ်အပါအဝင် သူ၏ခန္ဓာကိုယ်အတွင်းရှိ အရိုးများအားလုံး ကွဲအက်သွားခဲ့သည်။ သူ၏ပါးစပ်သည် ဘယ်သောအခါမှ ထပ်မံ၍ဖွင့်နိုင်တော့မည်မဟုတ်ချေ။ သူ၏ဒွါရခုနစ်ပေါက်မှလည်း သွေးများ အဆက်မပြတ် ယိုစီးကျနေခဲ့သည်။

အမှန်အားဖြင့် သူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် အတွင်းဒဏ်ရာ အနည်းငယ်မျှ မရှိခဲ့ပေ။ သူ့၏ ကျင့်ကြံခြင်းအဆင့်အရ သူ သေဆုံးသွားမည်မဟုတ်ချေ။

"ပထမတစ်ယောက်"

ရှီယန်က ပေ့ါပေ့ါပါးပါး ပြောလိုက်သည်။

"သူက ချီသန့်စင်ခြင်းအဆင့်မဟုတ်ဘူး"

ကျန်လူတစ်ယောက်၏မျက်စိသူငယ်အိမ်များ ကျဥ်းမြောင်းသွားကာ သူက တင်းမာခက်ထန်သောလေသံဖြင့် ပြောဆိုလိုက်၏။

"သူက အမြူတေအဆင့်ကျင့်ကြံသူပဲ...အခြေတည်အဆင့်တစ်ယောက်ကို အလွယ်တကူအနိုင်ယူနိုင်တဲ့လူက အမြူတေအဆင့်ပဲဖြစ်ရမယ်"

"နောက်ဆုတ်တော့... မြန်မြန်...နောက်ဆုတ်ကြတော့"

"အမြူတေအဆင့်က အရမ်းအားကောင်းလွန်းတယ်"

လျူယူချင်းသည်ပင် တုန်လှုပ်သွားခဲ့သည်။သူသည် ရှုံးသွပ်နေသူအလား နောက်သို့ပြန်ဆုတ်လိုက်၏။

တိမ်မြူခိုးဂိုဏ်းမှာ ဘယ်အချိန်တုန်းက အမြူတေအဆင့် ကျွမ်းကျင်သူ ရှိနေတာလဲ...

ပြဿနာမှာ လွန်ခဲ့သောနှစ်ပေါင်းရာချီအတွင်း၌ တိမ်မြူခိုးဂိုဏ်းတွင် ကွယ်လွန်သွားခဲ့သော ယခင်ဂိုဏ်းချုပ်မှတပါး အခြားအမြူတေအဆင့်ကျင့်ကြံသူမှ မရှိခဲ့ပေ။

ရှီယန်သည် လူစုလူဝေးနှင့် ရင်ဆိုင်နေရသည့်တိုင်သူ၏ မျက်နှာပေါ်ရှိ အပြုံးသည် အချိန်တခဏမျှပင် ပျောက်ကွယ်သွားခြင်းမရှိချေ။

"ငါ မင်းတို့ကို ပြောမယ်...ငါက ချီသန့်စင်ခြင်းအဆင့်မှာပဲရှိတယ် "

***